# စစ်ကိုင်းတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ

## (၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၂။)

## ၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

## (၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီးယစ်မျိုးခွန်ဥပဒေ**ဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာ သက်ရောက်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပါယ်သက်ရောက်စေရ မည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကိုဆိုသည်၊

(ခ) **တိုင်းဒေသကြီးအစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သောဝန်ကြီးကိုဆိုသည်၊

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအကဲကိုဆိုသည်၊

(င) **ယစ်မျိုးခွန်** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း၊ အရက်ပုံပါသည့်အရက်များ သို့မဟုတ် ယစ်မူးစေတက်သော အရာများနှင့်စပ်လျဉ်းပြီး စီမံခန့်ခွဲသည့် သို့မဟုတ်အမိန့်ချမှတ်သည့် အခွန်၊ အကောက်၊ အခ၊ လျော်ကြေး၊ ပြစ်ဒဏ် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် ပစ္စည်းတစ်စုံတစ်ရာမှ ရရှိသည့် သို့မဟုတ် ရထိုက်သည့် အခွန်ကိုဆိုသည်။ သို့သော် ထိုစကားရပ်တွင် သက်ဆိုင်ရာတရားရုံးကချမှတ်သည့် ငွေဒဏ်မပါဝင်၊

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း (Excisablearticle)** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အရက်ပုံပါသည့် ပြည်တွင်းချက်အရက်များနှင့် နိုင်ငံခြား ဖြစ်အရက်များ အပါအဝင် ယစ်မူးစေတတ်သော အရာများပါ တစ်စုံတစ်ရာကိုဆိုသည်၊

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable goods)** ဆိုသည်မှာ ပေးဆောင်ရသည့် ယစ်မျိုးခွန်နှင့်စပ် လျဉ်းပြီးပြည်တွင်းပြည်ပမှထုတ်လုပ်သည့် အရက်ပုံပါ ချက်အရက်များ၊ နိုင်ငံခြားအရက်များ၊ ဘီယာများ၊ သောက်ပျော်သည့်အရက်၊ မူလသတ္တိပျက်ပြီးအရက် စသည်ဖြင့်သတ်မှတ်ထားသည့် ကုန် ပစ္စည်းကိုဆိုသည်။

Myanmar Law Information System (MLIS)

(ဇ) **အရက် (Alcoholic Liquor)** ဆိုသည်မှာ ပမာဏအားဖြင့် (Alcoholic Liquor) ၂% ထက်ပို၍ ပါဝင်သော အရည်များကိုခေါ်သည်။ ၎င်းတို့တွင် ထန်းရည်နှင့် ဤဥပဒေအရ အရက်(Alcoholic Liquor) ဖြစ်ကြောင်းမြန်မာနိုင်ငံတော်သမ္မတ အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်ထားသောအရာများလည်း ပါဝင်သည်၊

(ဈ) **ဘီယာ (Ale.Stout.Porter)** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း (Ale.Stout.Porter) နှင့် မုယောစပါးကို ကစော်ဖောက်၍ပြုလုပ်လေ့ရှိ သော အရက်ပျံပါဝင်သည့် အခြားအရက်များအပါအဝင် မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာ ထုတ်ပြန်၍ဘီယာဟုသတ်မှတ်ထားသော အရာများကိုဆိုသည်၊

(ည) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက် ပျံပါဝင်သော မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုသည်၊

(ဋ) **ထန်းရည် (Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ၊ ထန်း၊ ဓနိအုန်း၊ ပေ စသည့်အပင်အမျိုးမျိုးမှထွက်သောအရည်ကိုဆိုသည်၊

(ဌ) **တည်အရက် (Fermenter Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပျံပါဝင်သည့် အရက် ကိုဆိုသည်၊ (လှော်ဇာရည်၊ ခေါင်ရည် စသည်များ)

(ဍ) **သောက်ပျော်သောအရက် (Potable Alcoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီးမူလသတ္တိပျက် အရက်မှ တစ်ပါး အရက်ပျံပါဝင်သည့် အရက်တစ်မျိုးမျိုးကိုဆိုသည်၊

(ဎ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့်နည်းလမ်း များနှင့်အညီ လူတို့သောက်သုံးရန်မသင့်အောင်ပြုပြင်ပြီးသည်ကို ဆိုသည်၊

(ဏ) **ချက်လုပ်ခြင်း** ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) သဘာဝအားဖြင့် ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ရာ တစ်စုံတစ်ရာကိုထွက်ရှိစေရန် ပြုလုပ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ပါဝင်သည်၊

(၂) ပြန်၍ပေါင်းခံခြင်း (Redistillation)၊

(၃) အရက်ပြန် ပါဝင်သည့် အရက်ကိုပြုပြင်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုး ခြင်း။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု (Retail and Whole sale)** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အချင်၊ အတွယ်၊ အတိုင်း ရောင်းချခြင်းကိုဆိုသည်၊

(ထ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကိုဆိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက်သတ်မှတ်သည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

Myanmar Law Information System (MLIS)

၃။ ဤဥပဒေရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရက်သေစာသောက်စားသည့် အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊

(ခ) သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှုရောင်းချမှုမရှိစေရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန် အလို့ငှာသာ မဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်းစေရန်နှင့် သေရည်သေရက် ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူစေရန်၊

(ဃ) တိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့် အညီရရှိစေရန်။

## အခန်း(၃)

## ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီး ယစ်မျိုးခွန် ကောက်ခံရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရသည် ဘဏ္ဍာရေးနှစ် အလိုက် ကောက်ခံရမည့် ယစ်မျိုးခွန်နှုန်းထားများကို တစ်နှစ်တစ်ကြိမ် အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ရမည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေး ငွေကျပ် ၅၀၀,၀၀၀ အထိဖြစ်ပါက လိုင်စင်ချထားပေး သည့် အချိန်တွင် ကျသင့်သောငွေကိုတစ်ကြိမ်တည်း အပြေအကျေပေးသွင်းရမည်။

၆။ လိုင်စင်ရရှိသူသည် လိုင်စင်ငွေကျပ် ၅၀၀,၀၀၀ အထက်မှ ငွေကျပ် ၃,၀၀၀,၀၀၀ အထိဖြစ်ပါက လိုင်စင် ချထားသည့် အချိန်တွင် ကျသင့်ငွေ၏တစ်ဝက်ကိုတစ်ကြိမ်တည်း ပေးသွင်းစေပြီး ကျန်တစ်ဝက် ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၃,၀၀၀,၀၀၀ အထက်ဖြစ်ပါက လိုင်စင်ချထား ပေးသည့်အချိန်တွင် ကျသင့်ငွေ၏သုံးပုံတစ်ပုံကို တစ်ကြိမ်တည်းပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင် ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေ ပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် အစိုးရအဖွဲ့၏သဘောတူညီချက် အရလိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း(၄)

## အထွေထွေ

၁၀။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကိုအစိုးရအဖွဲ့၏ သဘောတူညီ ချက်အရ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၁။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန် ငွေကြေးအားလုံးကို ပေးဆောင်ရန်ပျက်ကွက်လျှင် မြေခွန် မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ကောက်ခံရမည်။



Myanmar Law Information System (MLIS)

၁၂။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့ကထုတ်ပြန်နိုင် သည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးကထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)